**CALHOUN COUNTY, MICHIGAN**
**JOINT OPERATIONS CENTER**
*COVID-19 Unified Response*

# ပူးတွဲသတင်းအချက်အလက် စင်တာ

ကြာသပတေးနေ့၊ ဒီဇင်ဘာလ ၂ ရက် ၂၀၂၁ ခုနှစ်

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ ကြာသပတေးနေ့မနက်ခင်း ၈ နာရီမှစ၍ ကယ်လ်ဟွန်းခရိုင်တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုစုစုပေါင်း ၁၉,၀၇၀ မျှရှိခဲ့ပြီး ဗိုင်းရပ်စ်ပိုးကြောင့်သေဆုံးမှုပေါင်း ၃၇၉ ခန့်ရှိခဲ့ကြောင်း ကယ်လ်ဟွန်း ခရိုင်ပြည်သူ့ကျန်းမာရေးဌာန (CCPHD) သို့တင်ပြချက်အရ သိရှိရပါသည်သည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း၌ ရောဂါပိုး တွေ့ရှိမှုအသစ်အရေအတွက် ၁၅၉ ခန့် ထပ်မံတွေ့ရှိခဲ့ပါသည်။ အဆိုပါသတင်းအချက်အလက်အား နေ့စဉ်၊ တနင်္လာနေ့မှ သောကြာအထိ နေ့တိုင်း [www.calhouncountymi.gov](http://www.calhouncountymi.gov) တွင် တစ်ပြေးညီဖော်ပြပေးလျက်ရှိပါသည်။

**မစ်ရှီဂန်ပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါကြောင့်ဆေးရုံတက်ကုသနေသူ အသက်ပြည့်ပြီးလူနာအရေအတွက် ပိုမို၍ အမြင့်ဆုံးနှုန်းသို့ရောက်ရှိ**

လက်ရှိတွင်ကယ်လ်ဟွန်းခရိုင်ဆေးရုံများသည် ကိုဗစ်-၁၉ လူနာများ စံချိန်တင်မြင့်မားလျက်ရှိနေပြီး ဆေးကုသဌာနများ ၏ ရောဂါကုသရေးလုပ်ငန်းလည်ပတ်မှုအားလုံးအပေါ်သို့ သက်ရောက်မှုများဖြစ်ပေါ်နေပါသည်။ ဘရော်နဆင်ကျန်းမာ ရေးမှ တစ်ရှိန်ထိုးမြင့်မားလာသည့် ဆေးရုံတက်လူနာအရေအတွက်များပြားလာမှုကြောင့် ဆေးရုံများအတွက် ဝန်ထမ်းပမာဏနှင့်ပစ္စည်းများ ထပ်မံ၍စီမံခန့်ခွဲစေနိုင်ရန် ရောဂါပြန့်ပွားနှုန်းအား“လိမ္မော်ရောင် အဆင့်” သို့တိုးမြင့် သတ်မှတ်ခဲ့ကာ ကပ်ရောဂါနှင့်-စပ်လျဉ်းသော၊ ချက်ချင်း/အရေးပေါ်ကုသရေးတို့ကို ဦးစားပေးနိုင်ရန်ဖြစ်သည်။ အုတ်ခ်လောန်ဆေးရုံသည် အရေးပေါ် မဟုတ်သည့်ခွဲစိတ်မှုများ elective surgery နှင့် ခန္ဓာကိုယ်အတွင်းအင်္ဂါ များစမ်းသပ်စစ်ဆေးခြင်း endoscopies တို့အား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းပိတ်သိမ်းထားမည်ဖြစ်သည်၊ ထိုမှသာ ခွဲစိတ်ခန်းတာဝန်ကျကျန်းမာရေးဝန်ထမ်းများသည် ကိုဗစ်-၁၉နှင့် အရေးပေါ်ရောက်လာမည့်လူနာများအတွက် အသင့် ဖြစ်အောင်ပြင်ဆင်နိုင်ရန်ဖြစ်သည်။ ပြည်နယ်မှ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉လူနာ၏အများစုမှာ ကာကွယ်ဆေး ထိုးထားခြင်းမရှိသူများဖြစ်ကြသည်။ အောက်တိုဘာ ၁၄- နိုဝင်ဘာ ၁၂ အတွင်း ဖြစ်ပေါ်သည့်အချက်အလက်ဒေတာအရ ရောဂါတွေ့ရှိမှု၏ ၇၂%၊ ဆေးရုံတက်ကုသမှု ၏ ၇၁% နှင့် သေဆုံးနှုန်း၏ ၇၅% သည် ကာကွယ်ဆေးပြီးမြောက် စွာထိုးထားခြင်းမရှိသော သူများဖြစ်ကြောင်းသိရှိရပါသည်။ မစ်ရှီဂန်ပြည်နယ်အတွက် မှန်ကန်သည့်လမ်းကို လျှောက် လှမ်းနိုင်ရန်အတွက် ထပ်မံ၍စောင့်ဆိုင်းခြင်း မပြုသင့်တော့ပါ၊ ဤပြန့်ပွားမှုနှုန်းအားရပ်တန့်စေရန်နှင့် မိမိတို့ဆေးရုံများ သည်လိုအပ်သူတိုင်း ဆေးကုသမှုပြုပေးနိုင်ရေးအတွက် သေချာစေရန် သင်၏ကူညီပံ့ပိုးမှုအား ယခုလိုအပ် နေပါသည်။

ဖြစ်ပေါ်လာသည့် အခြေအနေများအရ၊ မိမိတို့ တတ်အားသရွေ့ ပါဝင်ဖေးမမှုပြုခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများ အပေါ် ကျရောက်မည့် ဖိအားများလျော့ချပေးနိုင်မည်ဖြစ်ပါသည် -

- ကာကွယ်ဆေးမထိုးရသေးပါက ချက်ချင်းကာကွယ်ဆေးထိုးခြင်း သို့မဟုတ် ကာကွယ်ဆေးအကြိမ်ရေ ပြီးမြောက်အောင်ထိုးပါ။ vaccine.gov ၌ ကာကွယ်ဆေးထိုးရန်ဆေးခန်းနေရာရှာဖွေပါ။ သက်သေများအရ ကာကွယ်ဆေးများထိုးခြင်းသည် ဆေးရုံတက်ရခြင်းနှင့် အသက်ရှူစက်အသုံးပြုရခြင်းမှ ထိရောက်စွာကာကွယ်နိုင်သည်။ ကာကွယ်ဆေးကို အသက် ၅ နှစ်နှင့် အထက်မည်သူမဆို ဆေးဆိုင်များ၊ ဆရာဝန်ဆေးခန်းများနှင့် ပြည်နယ်တစ်ခွင်ရှိကျန်းမာရေးဌာနများတွင် အခမဲ့ထိုးနိုင်ပါသည်။
- ကာကွယ်ဆေးထိုးပြီးပါက လက်ရှိတွင်အသက်၁၈ နှစ်နှင့် အထက်ထိုးနိုင်ရန်ခွင့်ပြုချက်ကျပြီးဖြစ်သော ထပ်တိုး ကာကွယ်ဆေး booster dose ထိုးပါ။
- ကာကွယ်ဆေးအကြောင်း မေးမြန်းလိုလျှင် မိမိ၏ ဆရာဝန်ထံ ဆက်သွယ်မေးမြန်းပါ။
- မိမိကျန်းမာရေးစောင့်ရှောက်မှု ပြုသမည့်နေရာကို သေချာစွာ စဉ်းစားရွေးချယ်ပါ။ ပင်တိုင်ဆေးခန်း၊ ဗီဒီယိုမှ တစ်ဆင့်ဆေးခန်းပြခြင်း သို့မဟုတ် အရေးပေါ်ဆေးခန်းများသို့ ပြခြင်းက လူနာရောက်ရှိနှုန်းများပြားနေမည့် ဆေးရုံနှင့် ဆေးရုံအရေးပေါ်ဌာနများထက် ပိုမိုကောင်းမွန်သည့်ရွေးချယ်မှုဖြစ်နိုင်ပါသည်။ သို့သော်ငြားလည်း ဦးနှောက်သွေးကြောပြတ်ခြင်း လက္ခဏာများ၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကြပ်ခြင်း သို့မဟုတ် ထိခိုက်မှု များပြားသည့် ဒဏ်ရာအနာတရဖြစ်ခြင်း စသည့်အရေးပေါ်အခြေအနေများကြုံတွေ့ရပါက ဆေးရုံအရေးပေါ် သို့ပြသသင့်ပါသည်။ ဆေးရုံအရေးပေါ်ဌာနများသည် မိမိတို့တတ်အားသမျှဘေးအန္တရာယ်ကင်းပြီး အချိန်ခါ သင့်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ကြိုးစားနေကြောင်း နားလည်သိရှိပေးပါ။
- အဆောက်အဦးအတွင်းပြုလုပ်သည့် ပွဲများနှင့် စုဝေးမှုများတွင် တစ်ဦးနှင့်တစ်ဦးကြား အကွာအဝေးထားခြင်း ပြုကျင့်ပါ၊ မျက်နှာ နှင့်နှာခေါင်းစည်းအပါအဝင် အခြား ကာကွယ်ရေးအမူအကျင့်များလည်း ပြုလုပ်ပါ။
- မိမိသည် ကိုဗစ်-၁၉ ထိတွေ့မှုဖြစ်ပေါ်နိုင်သည်ဟု သိရှိပြီးသံသယရှိပါက စစ်ဆေးမှုခံယူခြင်းနှင့် ပိုးမရှိခြင်း အနုတ်ရလဒ်မရခင် နှင့်/သို့မဟုတ် သတ်မှတ်ကွာရန်တင်းကာလပြီးမြောက်သည်အထိ အခြားသူများနှင့် ဆက်ဆံခြင်းအား ကန့်သတ်ထားပါ။
- ဆေးရုံနှင့် EMS အရေးပေါ်ဌာနဝန်ထမ်းများသည် ဝန်ထမ်းအင်အားလျော့နည်းခြင်းနှင့် ဖိအားအလွန်များပြားစွာ ဖြင့် လုပ်ဆောင်နေရခြင်းများအတွက် သိရှိနားလည်ပေးပါ။ မိမိတို့၏ မိသားစုဝင်များနှင့် မိတ်ဆွေသူငယ်ချင်း များအား ကျန်းမာရေးပြုစုစောင့်ရှောက်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားနေသည့် ၎င်းတို့အပေါ် သီးခံမှု ရှိခြင်းနှင့် ငဲ့ညှာထောက်ထားခြင်း စာနာမှုထားရှိနိုင်ပါစေ။

**ကိုဗစ်-၁၉ ကာကွယ်ဆေး သိကောင်းစရာအချက်အလက်**

ပြည်နယ် ကာကွယ်ဆေးဆိုင်ရာ စာမျက်နှာတွင် ပြည်သူ့ကျန်းမာရေးဌာနသာမက အခြားနေရာဌာနများအပါအဝင် ပြုလုပ်သည့် ကာကွယ်ဆေးထိုးပြီးသော ကယ်လ်ဟွန်းခရိုင်အတွင်းနေထိုင်သူအရေအတွက်မှာ နိုဝင်ဘာလ ၃၀ ရက်၊ ၂၀၂၂ တွင် ၁၂၂,၄၇၆ လုံးခန့်ထိုးထားပြီးကြောင်း ဖော်ပြထားပါသည်။ ကာကွယ်ဆေးလွှမ်းခြုံမှုပမာဏမှာ ကယ်လ်ဟွန်း ခရိုင် သည် ၅၃.၆% ကနဦးကာကွယ်ဆေးစီးရီးထိုးပြီးဖြစ်ကာ မစ်ရှီဂန်ပြည်နယ်အနေနှင့် ၇၀.၉% ပထမအကြိမ်ဆေးထိုး ပြီး ဖြစ်ကြောင်း သိရှိရပါသည်။

ကယ်လ်ဟွန်းခရိုင် ပြည်သူ့ကျန်းမာရေးဌာနသည် လက်ရှိတွင်အသက် ၁၈ နှစ်နှင့်အထက်မည်သူမဆို ကိုဗစ်-၁၉ ထပ်တိုး ကာကွယ်ဆေး booster shotsထိုးပေးနေပြီဖြစ်ပါသည်။ CDC မှ နောက်ဆုံးညွှန်ကြားချက်များအရ မစ်ရှီဂန် ပြည်နယ်သူ ပြည်နယ်သားများသည် မူလသတ်မှတ်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးပြီး ဖြစ်ပါက ယခုအခါ၌ Johnson

& Johnson၊ Moderna သို့မဟုတ် Pfizer booster ထပ်တိုးကာကွယ်ဆေးများ ထိုးနိုင်ပြီ ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးရန် အကျုံးဝင်သည့်ပြည်သူများအနေဖြင့် မူလထိုးရမည့် mRNA ကာကွယ်ဆေးစီးရီးထိုးပြီး ၆ လအကြာ သို့မဟုတ် Johnson & Johnson ကာကွယ်ဆေးပထမအကြိမ်ထိုးပြီး ၂ လ အကြာတွင် booster ထပ်တိုးကာကွယ်ဆေးထိုးရန် စီစဉ်ခြင်းများ ပြုလုပ်သင့်သည်ဟု အကြံပြုပါသည်။

**မကြာမီဖွင့်လှစ်မည့် ကာကွယ်ဆေးထိုး ဆေးခန်း**

ဒီဇင်ဘာလ ၇ ရက် အင်္ဂါနေ့ မနက် ၁၀ နာရီ မှ ညနေ ၄ နာရီအထိ၊ ဘက်တဲလ်ခရိမြို့ YMCA Multi Sports Complex ခန်းမ (၈၆ ချယ်ရီလမ်း၊ ဘက်တဲလ်ခရိမြို့၊ မစ်ရှီဂန်) ၌ လူကြီးနှင့် ကလေးများအသက် ၁၂+ ပထမအကြိမ်/ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနိုင်ပြီး အသက် ၁၈+ ရှိသူများမှာ boosters ထပ်တိုးကာကွယ်ဆေးထိုးနိုင်ပါသည်။ ရက်ချိန်းမလို-လက်ငင်း လာရောက်သူများကိုလည်း ဆေးခန်းမှ ကြိုဆိုပါသည်။ ရက်ချိန်းပြုလုပ်လိုလျှင် အောက်ပါအင်တာနက်စာမျက်နှာတွင် ဝင်ရောက်စာရင်းသွင်းနိုင်ပါသည်။

https://calhoun.smarttrackeronline.com/sr/kJykwaP6Nr

ကိုဗစ်-၁၉ နှင့် တုတ်ကွေးရောဂါ Flu ကာကွယ်ဆေးများအား ဘက်တဲလ်ခရိမြို့နှင့် အဲလ်ဘီရွန်မြို့များရှိ ပြည်သူ့ကျန်းမာရေးဌာနများတွင် ကြိုတင်ရက်ချိန်းပြုလုပ်ပြီးရယူနိုင်ပါသည်။ ကြိုတင်ရက်ချိန်းပြုလုပ်ရန် ကျေးဇူးပြု၍ ဖုန်းခေါ်ဆိုပါ။ ထပ်မံသိရှိလိုသည်များကို အင်တာနက်စာမျက်နှာ calhouncountymi.gov/covidvaccine တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

ဘက်တဲလ်ခရိမြို့ – ၂၆၉-၉၆၉-၆၃၆၃

အဲလ်ဘီရွန်မြို့ – ၅၁၇-၆၂၉-၉၄၃၄

## ကယ်လ်ဟွန်းခရိုင် ကာကွယ်ဆေးထိုးခြင်း ကြိုးပမ်းမှုများအား လေ့လာရန်

calhouncountymi.gov/covidvaccine

**လူစုလူဝေးပြုလုပ်ရာ၌ ပိုမိုဘေးအန္တရာယ်ကင်းစေရန် လူတိုင်းလုပ်ဆောင်နိုင်သည့် အချက်များ**

အများပြည်သူအားလပ်ရက်များတွင် မိသားစုများ လက်ဆုံစားပွဲများ ပြုလုပ်လိုကြပါသည် - ကိုဗစ်-၁၉ မဟုတ်ပါ။ ထို့ကြောင့် အများပြည်သူ ကျန်းမာရေးအတတ်ပညာရှင်များမှ စုဝေးမှုမပြုလုပ်မီ ရောဂါအမြန်စစ်ဆေးခြင်းပြုလုပ်ရန် အကြံပြုပါသည်- ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့် စိတ်အေးချမ်းမှုရှိစေရန်အတွက်ဖြစ်ပါသည်။ ရောဂါအမြန်စစ်ဆေးခြင်း တနည်းအားဖြင့် ပဋိဇာတ်ခေါ် အန်တီဂျင်စစ်ဆေးခြင်းဖြစ်ပြီး Walgreens၊ CVS နှင့် Rite Aid စသည့် ဆေးဆိုင်တို့ တွင်စစ်ဆေးမှုပြုနိုင်ပါသည်။ စစ်ဆေးမှုအပေါ်မူတည်ပြီး ရလဒ်များကို ၁၀-၂၀ မိနစ်အတွင်းသိရှိနိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါပိုးရိပ် သို့မဟုတ်လက္ခဏာရှိသူမည်သူမဆို ရောဂါရှိမရှိစစ်ဆေးသင့်ပါသည်၊ ကာကွယ်ဆေးပြီးမြောက်စွာထိုးထားပြီးသူ သို့မဟုတ် ကိုဗစ်-၁၉ ရောဂါဖြစ်ဖူးသူများအပါအဝင်ဖြစ်ပါသည်။ ရောဂါစစ်ဆေးခြင်းကို အခမဲ့ပြုလုပ်နိုင်သည့်နေရာအများအပြားရှိပါသည်။

*မိမိအနီးအနားရှိ ရောဂါစစ်ဆေးရာနေရာအား ရှာဖွေပါ*

https://www.michigan.gov/coronavirus/0,9753,7-406-99891_99912---,00.html

ကိုဗစ်-၁၉ နှင့် တုတ်ကွေးရောဂါ Flu ဖြစ်ပွားမှုများ မြင့်တက်လာသည်နှင့်အမျှ မစ်ရှီဂန်ပြည်နယ် ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဝန်ဆောင်မှုများဌာန (MDHHS) သည် မျက်နှာ နှာခေါင်းစည်းဝတ်ဆင်ခြင်းအကြံပြုချက်အား ထုတ်ပြန်မည်ဖြစ်ပြီး အများပြည်သူအားလပ်ရက်များအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပြန့်ပွားမှုများအား ကြိုတင်ကာကွယ်ခြင်းနှင့် မိမိအတွက်အရေးပါသူအားလုံးဘေးအန္တရာယ်ကင်းစေခြင်းတို့အတွက် လမ်းညွှန်မှုများ တင်ပြသွားပါမည်။

MDHHS အကြံပြုချက်တွင် ထပ်မံဖြည့်စွက်လိုသည်မှာ ရောဂါထိန်းသိမ်းရေးနှင့် ကြိုတင်ကာကွယ်ရေးစင်တာ (CDC) မှ ထုတ်ပြန်ထားသည့် ဘေးအန္တရာယ်ကင်းစွာ လူစုလူဝေးပြုလုပ်ခြင်း အကြံပြုချက်များ ဖြစ်ပါသည်၊ ပါဝင်သည်များမှာ ကာကွယ်ဆေးထိုးမှုပြုလုပ်ခြင်း၊ မျက်နှာ နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား အကွာအဝေးထားကာ ပြုမူခြင်းနှင့် လက်ဆေးခြင်းတို့ဖြစ်ပါသည်။ မျက်နှာ နှာခေါင်းစည်းဝတ်ဆင်ခြင်းသည် ရောဂါဖြစ်ပွားနှုန်းလျော့ကျရေးအတွက် ထိရောက်မှုရှိသည့်ဗျူဟာတစ်ရပ်အဖြစ် လက်ခံထားသည်၊ ရောဂါပြန့်ပွားမှုများပြားသည့်ဧရိယာများ၌ အဆောက်အဦးအတွင်းပြုလုပ်မည့်စုဝေးမှုများနှင့် ကာကွယ်ဆေးထိုးထားခြင်းမရှိသူများ အဆောက်အဦးအတွင်း စုဝေးမှုများအတွက်ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦးအကြား အကွာအဝေးထားခြင်းအား ဖြစ်နိုင်လျှင် တတ်အားသမျှ ပြုကျင့်ပါ၊ အထူးသဖြင့် မိမိပတ်ဝန်းကျင်ရှိအခြားသူများသည် ကာကွယ်ဆေးထိုးထားခြင်းရှိမရှိအား မသိနိုင်သောနေရာများ၌ ဖြစ်ပါသည်။




**AccessVision အစီအစဉ်**

မြို့နယ်ဆေးရုံနှင့် ပြည်သူ့ကျန်းမာရေးပညာရှင်များ၏ လက်ရှိဖြစ်ပွားနေသောအခြေအနေတို့အပေါ် အရေးကြီးစိုးရိမ်မှုများအကြောင်းနားလည်နိုင်ရန် နောက်ဆုံးပြုလုပ်ထားသည့် ဆွေးနွေးချက်များကို YouTube ပေါ်တွင်ကြည့်ရှုခြင်းပြုလုပ်

နိုင်ပါသည်။ ကိုဗစ်-၁၉၏ နောက်ဆုံးပြန့်ပွားမှုနှုန်းကြောင့် ဆေးရုံများပြည့်နှက်သည်အထိဖြစ်ပေါ်ခဲ့ပြီး ထိုမှတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် လှိုင်းဂယက်သဖွယ်နစ်နာစေခဲ့သည်။ ကယ်လ်ဟွန်းခရိုင်အတွင်း နေထိုင်ကြသည့် ပြည်သူများသည် မြို့နယ်ဆေးရုံများ ရင်ဆိုင်နေရသည့် ဝန်ထုပ်ဝန်ပိုးအား လျော့ချစေရန် ပြုလုပ်နိုင်သည့် အချက်များ ရှိပါသည်။ ထပ်မံသိရှိလိုသည်များ လေ့လာနိုင်ရန် ဗီဒီယိုကြည့်ရှုပါ https://youtu.be/SO-_AKHVdwY

မြို့နယ်ဆိုင်ရာနောက်ဆုံးအခြေအနေရှင်းပြချက်ကို AccessVision ကေဘယ်လ် ၁၇/၉၁၇ ချန်နယ်လိုင်းများမှတစ်ဆင့် ဒီဇင်ဘာ လ ၅ ရက် ည ၇း၃၀နှင့် ဒီဇင်ဘာလ ၆ ရက် ညနေ ၅ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်အား accessvision.tv စာမျက်နှာရှိ Live 17 ၌ကြည့်ရှုနိုင်ပါသည်။

***

ပူးတွဲ သတင်းအချက်အလက်ပြန်ကြားရေးစင်တာမှ ထုတ်ပြန်မှုများ ရရှိလိုပါက စာရင်းသွင်းရန်

ကယ်လ်ဟွန်းခရိုင်မှ၊ ခရိုင်လုပ်ဆောင်မှုများအကြောင်းနှင့် ကယ်လ်ဟွန်းခရိုင်ရှိ ကိုဗစ်-၁၉ ရောဂါ နောက်ဆုံးထုတ်ပြန်မှုများ သိရှိလိုလျှင် ခရိုင်အင်တာနက်စာမျက်နှာ calhouncountymi.gov သို့ကြည့်ရှုနိုင်ပါသည်။
ဘက်တဲလ်ခရိမြို့မှ နောက်ဆုံးထုတ်ပြန်မှုများအတွက် အင်တာနက်စာမျက်နှာကြည့်ရှုရန် battlecreekmi.gov/coronavirus

ဗိုင်းရပ်စ်ပိုးနှင့်ဆက်စပ်ရာ စိုးရိမ်မှုများအတွက် မေးမြန်းလိုပါက ပြည်နယ်၏ ကိုဗစ်-၁၉ အရေးပေါ်လိုင်းအား အများပြည်သူအားလုံးအတွက်ဖွင့်ထားပါသည်။ အရေးပေါ်လိုင်းသည် တစ်ပါတ်လျှင် ၇ရက် မနက် ၈ နာရီ- ညနေ ၅ နာရီ ခေါ်ဆိုနိုင်ပါသည်။ ခေါ်ဆိုရန်ဖုန်း ၁-၈၈၈-၅၃၅-၆၁၃၆။ ပြည်နယ်ဆိုင်ရာ ကိုဗစ်-၁၉ သတင်းအချက်အလက်များသိလိုလျှင် အင်တာနက်စာမျက်နှာ michigan.gov/coronavirus တွင်ကြည့်ရှုနိုင်ပါသည်။

---

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

Lucy Blair, Calhoun County Communications Manager
လူစီ ဘလဲရ်၊ ကယ်လ်ဟွန်းခရိုင် ဆက်သွယ်ရေး မန်နေဂျာ
၂၆၉-၇၈၁-၀၂၂၆ lblair@calhouncountymi.gov

Victor Jovanovich, Public Health Department Communications Specialist
ဗစ်ခ်တာ ဂျိုဗနိုဗစ်ချ်၊ ပြည်သူ့ကျန်းမာရေးဌာန ဆက်သွယ်ရေး ကျွမ်းကျင်အရာရှိ
၂၆၉-၉၆၉-၆၄၆၉ vjovanovich@calhouncountymi.gov

Jessica Vanderkolk, City of Battle Creek Communications Manager
ဂျက်ဆီကာ ဗန်ဒါကော့ခ်၊ ဘက်တယ်ခရိမြို့နယ် ဆက်သွယ်ရေး မန်နေဂျာ
၂၆၉-၉၆၆-၃၃၇၈ jlvanderkolk@battlecreekmi.gov